

ရွာသာယာဟုခေါ်သော လှပသည့် ရွာတစ်ရွာတွင် ရွာသူ၊ ရွာသားများသည် ငြိမ်းချမ်းစွာ အတူနေထိုင်ကြသည်။





ဝင်းဝင်း၊ မော်မော်၊ ပန်းအိနှင့် မေဦးတို့သည် ရွာတွင်နေထိုင်ကြသော သူငယ်ချင်းများဖြစ်သည်။ စနေနေ့မနက်တွင်ဈေးသို့အတူသွားရန်အတွက် တွေ့ဆုံရန်ချိန်းဆိုထားကြသည်။ ရွာလမ်းဆုံတွင် စောင့်ဆိုင်းလျက်ရှိသော မော်မော်၊ ပန်းအိ နှင့် မေဦးတို့ထံသို့ ဝင်းဝင်း ပြေးသွားသည်။





သူ၏ သူငယ်ချင်းများကို တွေ့သည့်အခါ မောဟိုက်နေပြီး ဘေးဘီဝဲယာကိုလည်း အထိတ်တလန့်ဖြင့် ကြည့်နေသည်။ မော်မော် ၊ ပန်းအိနှင့် မေဦးတို့က ခွက်ထိုးခွက်လန် ရယ်လိုက်ကြသည်။












နင်မေးတာ မေးသင့်တဲ့မေးခွန်းပါပဲ၊
ငါလဲ COVID-19 နဲ့ပတ်သက်တဲ့ ဘယ်သတင်းတွေက အမှန်၊
ဘယ်ဟာ တွေကတော့ အမှားဆိုတာကို
ခွဲခြားရတဲ့အခါ အတော်လေးကိုခက်ခဲတယ်၊
ဆရာဝန်ဖြစ်နေတဲ့ ငါ့အမက ငါ့ကိုပြောတာကတော့ သတင်းတွေကို
ဖတ်မယ်ဆိုရင် ဘယ်သူကတင်ထားတဲ့ သတင်းလဲဆိုတာကို
အရင်ဆုံးစစ်ဆေးဖို့လိုတယ်လို့ သတိပေးထားတယ်၊
သူက ဆက်ပြောသေးတယ် ကိုဗစ်နဲ့ ပတ်သက်တဲ့ သတင်းတွေကို
အကောင့်တုတွေ၊တာဝန်ရှိသူမဟုတ်တဲ့ သူတွေကနေ
ဖြန့်နေတာကို တွေ့ရတယ်တဲ့


ဟုတ်တယ်ဟ ငါတို့ရတဲ့ သတင်းတွေကို အခြား မီဒီယာတွေမှာလဲပါတယ် သတင်းရင်းမြစ်တွေနဲ့လည်း တိုက်ဆိုင်စစ်ဆေးကြည့်ဖို့လိုတယ်၊ ဒါမှလဲသတင်းက တိကျသလား နောက်ဆုံးရ အချက်အလက်တွေဖြစ်ရဲ့လား ဆိုတာကို သေချာသိနိုင်မှာပေါ့ ငါ ဖေ့စ်ဘွတ်ပေါ်ကရတဲ့ ကိုဗစ်နဲ့ ပတ်သက်တဲ့နောက်ဆုံးရအချက်အလက်တွေကို မှန်၊ မမှန် စစ်ဆေးဖို့ဆိုရင်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရဲ့ ဝက်ဘ်ဆိုဒ် မှာ ပုံမှန် သွားပြီး ကြည့်တယ်၊




ကောလဟာလနဲ့ပတ်သက်လို့ ပြောရဦးမယ်၊ အမျိုးသမီး ကိုယ်စားလှယ်လောင်းတွေနဲ့ ပတ်သက်တဲ့ ဖေ့စ်ဘွတ်ပေါ်က သတင်းကို နင်တို့ တွေ့ပြီးကြပြီလား
ဟုတ်၊ ဖေ့စ်ဘွတ်ပေါ်မှာက သတင်းတွေ အများကြီးဟာကို၊ နင် ဘယ်တစ်ခုကို ပြောတာလဲ


ဝင်းဝင်းသည် ဖေ့စ်ဘွတ်ပေါ်မှ သတင်းကို ပြသရန်အတွက် သူ၏ ဖုန်းမျက်နှာပြင်ကို အခြားသူငယ်ချင်းများကို ပြသလိုက်သည်၊
ဒီမှာတွေ့လား

Vote News ▶ အမျိုးသမီးကိုယ်စားလှယ်လောင်းများအား……

27 May 2020.Yangon .


လာမည့်ရွေးကောက်ပွဲများတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများအား မဲမပေးမီတွင် မဲဆန္ဒရှင်များအနေဖြင့် ကြိုတင်စဉ်းစားထားရမည့် အချက်များ။

အမျိုးသမီးများသည် ၂၀၂၀ အထွေထွေရွေးကောက်ပွဲများတွင် အနိုင်ရသွားပါက လွှတ်တော်အသီးသီးထဲတွင် ဝင်ရောက်နေရာယူသွားနိုင်မှု နှင့်ပတ်သက်၍ နယ်ပယ်အသီးသီးမှ လူမှုအသိုက်အဝန်းခေါင်းဆောင်များက စိုးရိမ်ကြောင်း ထုတ်ဖော်ပြောကြားလာသည်။

သတင်းရင်းမြစ်တစ်ခုတွင် အမျိုးသမီးများသည် ၎င်းတို့၏ အိမ်မှုကိစ္စများ၊ မိသားစုကို စောင့်ရှောက်ရသည့် တာဝန်များဖြင့် အလုပ်ရှုပ်နေကြသည်။ အမျိုးသမီးများသည် ၎င်းတို့၏ မိသားစုကိစ္စအဝဝတို့ကို ဆောင်ရွက်နေရသည့်အတွက် ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များကို မလုပ်ဆောင်နိုင်မည်ကို ကျွန်ုပ်တို့က များစွာစိုးရိမ်မိပါသည် ဟူ၍ ဖြစ်ပါသည်။

အဆိုပါ လူမှုအသိုက်အဝန်းခေါင်းဆောင်များသည် အမျိုးသမီး ကိုယ်စားလှယ်လောင်းများကို မဲမပေးရန် တိုက်တွန်းလျက်ရှိပြီး အမျိုးသမီးများသည် နိုင်ငံတော်ဖွံ့ဖြိုးရေး အစီအစဉ်များနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များတွင် ထိရောက်စွာ ထောက်ပံ့ဆောင်ရွက်ပေးနိုင်မည် မဟုတ်ဟု ယုံကြည်လျက်ရှိကြသည်။ လူမှုအသိုက်အဝန်းတစ်ခုမှ ခေါင်းဆောင်တစ်ဦးကို မေးမြန်းရာတွင် ၎င်းက ကိုယ့်နိုင်ငံအတွက် တိုးတက်မှုတွေကို မြင်ချင်တယ်ဆိုရင် မဲမပေးခင်မှာ နှစ်ခါစဉ်းစားဖို့သင့်တယ် ဟု တုန့်ပြန်ပြောကြားခဲ့သည်။

Like Comment Send



write a comment






ဟုတ်တယ်၊ ငါ မကြာခင်ကပဲ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ ဖေ့စ်ဘွတ်စာမျက်နှာကို သွားကြည့်တယ်၊ သူတို့ဆိုရင် ရွေးကောက်ပွဲမှာ ကျား၊ မ တန်းတူ ညီမျှစွာနဲ့ ပါဝင်လာနိုင်ဖို့က အရေးကြီးကြောင်း မြှင့်တင်ပေးနေကြတယ်
အင်း၊ ကျားလွတ်တဲ့သတင်းလိုပဲပေ့ါ။ ကိုယ်ရတဲ့သတင်းက အချက်အလက်တွေ မှန် မမှန်၊ တိကျမှု ရှိ မရှိကို အခြားသတင်းရင်းမြစ်တွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီးမှာ တိကျသလား နောက်ဆုံးရအချက်အလက်တွေ ဖြစ်ရဲ့လား ဆိုတာကို အတည်ပြုနိုင်မှာပဲ၊ ပြီးတော့ ရလာတဲ့ သတင်းရင်းမြစ်ဟာ တာဝန်ရှိသူတွေဆီကရတဲ့ သတင်းဖြစ်၊ မဖြစ် ဥပမာ - ရွေးကောက်ပွဲတွေ နဲ့ ပတ်သက်ရင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကနေ အတည်ပြုဖို့လိုတယ်။
ပြီးတော့လဲ အဲဒီသတင်းတွေက ဘယ်ကလာလဲဆိုတာကို စဉ်းစားကြဖို့ အရေးကြီးတယ်။ အခုလည်းရှင်းနေတာပဲ၊ ဒီသတင်းဖြန့်တဲ့သူက မဲဆန္ဒရှင်တွေကို ဘက်လိုက်ပြီး မဲပေးစေချင်တာ။
ရွေးကောက်ပွဲနေ့မတိုင်မီအထိ အဲဒီလို သတင်းတွေ အများကြီးဖြစ်လာဦးမယ်လို့ ငါတော့ထင်တာပဲ။ သတင်းမှားတွေဖြန့်တာ၊ ကောလဟာလတွေဖြန့်တာမျိုးတွေပေ့ါ။
ဟုတ်တယ်၊ ဟုတ်တယ်၊ အဲ ဒါအမှန်ပဲ။


အဲ ဒီလို သတင်းအချက်အလက်အမှားတွေဟာ လူတွေကို ရှုပ်ထွေးစေပြီး၊ ခွဲခြားဆက်ဆံမှုတွေ ကိုတောင်ဖြစ်စေတယ်။ အဲ ဒီလိုသတင်းတွေဟာ ငါတို့ရဲ့လူမှုအသိုက်အဝန်းကိုလည်း အကူအညီမဖြစ်သလို၊ ဒီမိုကရေစီ အပြောင်းအလဲကို သွားနေတဲ့ မြန်မာနိုင်ငံအတွက်လည်း အထောက်အကူ လုံးဝ မဖြစ်စေဘူး။
အမှန်ပဲ သူငယ်ချင်း ။ ငါတို့နိုင်ငံမှာရှိတဲ့ လူဦးရေ တစ်ဝက်လောက်ရဲ့ အသံတွေကို ကိုယ်စားမပြုဘဲ ချန်ထားခဲ့လို့ကိုမရဘူး။
ငါတို့အားလုံးမှာ မတူတဲ့ အတွေးအမြင်တွေရှိတယ်၊ ပြီးတော့ ငါတို့ ဘယ်သူ့ကို ရွေးချယ်ချင်တယ် ဆိုတဲ့အပြုသဘောဆောင်တဲ့ ဆွေးနွေးငြင်းခုန်မှုတွေလည်း ရှိရမယ်၊
ပြီးတော့ အကောင်းဆုံး မုန့်ဟင်းခါးဆိုင်က ဘယ်မှာလဲ ဆိုတာကိုရောပေ့ါ။
တစ်ကယ်တော့ အခုလို သတင်းအချက်အလက်မျိုးဟာ ဘာလေးစားမှုမှကို မပါဘူး၊ ငါတို့တွေအဲ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ရှာကလူတွေကို ပြန်ပြီးမျှဝေကြရင် မကောင်းဘူးလား၊
ငါတို့ စပြီးလုပ်နိုင်တာက ဒီသတင်းကမှားတယ်၊ ဖေ့စ်ဘွတ်ပေါ်မှာ ပြန်ပြီးမျှဝေတာမျိုး မလုပ်ကြဖို့နဲ့ နှစ်သက်မှုကို မပေးကြဖို့ကို ပြောရမယ်။
ကောင်းလိုက်တဲ့အစီအစဉ်၊
နေဦး၊ ငါတို့ ဘာတွေကို မျှဝေမလဲ၊


ပြီးရင် ရွေးကောက်ပွဲနေ့မတိုင်ခင်မှာ အဲ ဒီလို သတင်းမျိုးတွေ အများကြီး လာနိုင်တယ်ဆိုတာကို သတိပေးရမယ်။

အဲ ဒီတော့ ငါတို့သိထားရမှာက
(၁)သတင်းရင်းမြစ်ကို စစ်ဆေးဖို့
(၂) ဖော်ပြထားတဲ့ အချက်အလက်တွေကို ကျော်လွန်ပြီး ဖတ်ရှုနိုင်ဖို့
(၃) ရေးသားသူကို စစ်ဆေးဖို့နဲ့
(၄) ထောက်ပံ့ထားတဲ့ ရင်းမြစ်တွေကို စစ်ဆေးဖို့ ဆိုတာတွေပဲ။
(၅) နေ့စွဲတွေကို စစ်ဆေးရမယ်
(၆)ဟာသအဖြစ်တင်တာလားဆိုတာကို စစ်ဆေးရမယ်
(၇)သတင်းတွေရဲ့ ဘက်လိုက်မှုတွေကို စစ်ဆေးရမယ်
(၈)နောက်ဆုံး ကျွမ်းကျင်သူတွေကို မေးရမယ်။
နောက်ဆုံးရ သတင်းအချက်အလက်တွေနဲ့ ပတ်သက်ပြီး သိချင်လို့ရှိရင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရဲ့ ဖေ့စ်ဘွတ်စာမျက်နှာဖြစ်တဲ့ https://www.facebook.com/uecmyanmar/ ကိုလည်း ညွှန်ပေးလို့ရတယ်။


ကောင်းပြီလေ၊ ဒါဆို ဒီအချက်အလက်တွေကို ငါတို့ရဲ့ရွာကလူတွေ၊ သူငယ်ချင်းတွေ၊ မိသားစုတွေ နဲ့ တစ်ခြား နေရာဒေသက လူတွေဆီရောက်သွားအောင် မျှဝေကြတာပေါ့။
ငါတို့အားလုံး ငါတို့ရဲ့ ရပ်ရွာမှာ သတင်းအချက်အလက်တွေကို မှန်မှန်ကန်ကန် သိရှိထားသူတွေဖြစ်လာမယ်။ ပြီးတော့ ရွေးကောက်ပွဲကာလတစ်လျှောက်မှာ တစ်ယောက်နဲ့တစ်ယောက် မတူကွဲပြားမှုတွေကို လေးစားနားလည်နိုင်တဲ့သူတွေ ဖြစ်လာမယ်။


# သင်နှင့်အခြားသူများအား COVID-19 ရောဂါအန္တရာယ်မှ ကာကွယ်လိုက်ပါ





သင်၏လက်ကို ဆပ်ပြာ၊ ရေ
သို့မဟုတ် လက်သန့် ဆေးရည် နှင့်
မကြာခဏ ဆေးပါ




သင်၏မျက်စိ၊နှာခေါင်းနှင့် ပါးစပ်ကို
လက်နှင့် ထိခြင်းမှ ရှောင်ကျဉ်ပါ




ချောင်းဆိုး နှာချေ သည့်အချိန်တိုင်း
အုပ်ထားပါ။
ပြီးနောက် လက်ကိုဆေးပါ




အခြားသူများနှင့် ၆ ပေ အကွာတွင်
နေထိုင်ပါ





နှာခေါင်းစည်း တပ်ထားပါ




သင့်တွင်ရောဂါလက္ခဏာရှိပါက
ကျန်းမာရေးစောင့်ရှောက်မှု
အကူအညီများရယူပါ

# ဘေးကင်းလုံခြုံစွာဖြင့် တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်မပြတ် နေထိုင်ပါ







#၂၀၂၀ ရွေးကောက်ပွဲတွင် ဘေးကင်းလုံခြုံစွာဖြင့် တစ်ဦးနှင့်တစ်ဦး
အဆက်အသွယ်မပြတ် ပါဝင်ကြပါစို့